**ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်**

**ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုသူများအပေါ် အကြမ်းဖက် နှိမ်နင်းခြင်း နှင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ပွဲများအား ရပ်တန့်ပေးရန်တောင်းဆိုခြင်း သဘောထားထုတ်ပြန်ချက်**
**မေလ ၁၇ ရက်၊ ၂၀၁၈။**

၁။ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းအတွင်း ထိုးစစ်ဆင်နေမှုများအားရပ်တန့်ပေးရေး နှင့် နေရပ်စွန့်ခွါတိမ်းရှောင်သူများ နေရပ်သို့လုံခြုံစိတ်ချစွာပြန်နိုင်ရေးအတွက် မြန်မာတပ်မတော်၏ တပ်များအားဆုတ်ခွါပေးရန် အစိုးနှင့် တပ်မတော်အားတောင်းဆိုခဲ့သော **စစ်ပွဲများရပ်ရေး နှင့်ငြိမ်းချမ်းရေး လှုပ်ရှားမှု**နှင့် အတူ တသားတည်းရှိကြောင်းဖော်ပြလိုသည်။

၂။ စစ်ပွဲများရပ်ရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှု ဆန္ဒပြတောင်းဆိုသူများပေါ် အစိုးရမှ အကြမ်းဖက်နှိမ်နင်းခြင်းသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ဆိုင်ရာ လူ့အခွင့်အရေးအား တိုက်ရိုက် ချိုးဖောက်နေသည်။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်သည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အစိုးရနှင့်တပ်မတော်မှ ထိုအခွင့်အရေးအား အသိအမှတ်မပြုပဲ စစ်ပွဲများရပ်ရေးနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်သူများအား ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းများကို ပြုလုပ်လျက်ရှိသည်။ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက်အနေဖြင့် အစိုးရနှင့် တပ်မတော်၏ အကြမ်းဖက် ဖိနှိပ်မှုလုပ်ရပ်များ အပေါ် လုံးဝရှုတ်ချသည်။

၃။ ကချင်၊ ရှမ်းပြည်မြောက်ပိုင်း နှင့် ကရင်ပြည်နယ် အစရှိသော ပြည်နယ်များအတွင်း တပ်မတော်၏ထိုးစစ်ဆင်မှုကြောင့်ဖြစ် ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့်ပြည်တွင်း နေရပ်စွန့်ခွါတိမ်းရှောင်နေရမှုများ၊ အကြောင်းမဲ့သတ်ဖြတ်မှုများ၊ မုဒိန်းမှုများ နှင့် ညှင်းပန်းနှိပ်စက် မှုများအပေါ် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ မြန်မာတပ်မတော်အား ပြင်းထန်စွာ ရှုတ်ချသည်။

၄။ မြစ်ကြီးနား၊ ရန်ကုန်၊ မန္တလေး၊ နတ်တလင်း နှင့် ပြည်/အောင်လံ ရှိ ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံနေရသော ငြိမ်းချမ်းစွာဆန္ဒပြသူများအား ချက်ချင်းလွတ်ပေးရန်နှင့် ၄င်းတို့အပေါ် စွဲဆိုထားသော စွဲဆိုချက်များအား ချက်ချင်းပယ်ဖျက်ပေးရန် တောင်းဆိုသည်။ ငြိမ်းချမ်းရေး

ဆန္ဒပြတောင်းဆိုသောသူများအား ခြိမ်းခြောက်အကြမ်းဖက်သော အရပ်ဝတ်ရမ်းကားသူများအား စုံစမ်း စစ်ဆေးမှုများပြုလုပ်အရေးယူရန် ထပ်လောင်းတောင်းဆိုသည်။

**ဆက်သွယ်ရန် -** စောအဲလက်(စ်) +6615967656615 နှင့် စောကျော်စွာ +95 9794952056

**မှတ်ချက်။** ။ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်သည် မြန်မာနိုင်ငံရှိ ကရင်အရပ်ဖက် အဖွဲ့အစည်းများဖြင့် ဖွဲ့အစည်းထားအသော အကြီးမားဆုံး ကရင်လူမှုအဖွဲ့အစည်း ကွန်ရက်ဖြစ်သည်။ အဖွဲ့ဝင်များအနေဖြင့် ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်းရှိ ထိရှုလွယ်သူများ နှင့် လူမှုအသိုင်းအဝန်းများအား ဆယ်စုနှစ်ပေါင်းများစွာ ကူညီထောက်ပံ့ပေးခြင်း၊ ဒေသခံများ၏ စွမ်းဆောင်ရည်ကိုမြင့်တင်ခြင်း၊ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသော လူမှုအဖွဲ့အစည်းများပေါ်ပေါက်လာရန် လုပ်ဆောင်ခြင်း နှင့် မြန်မာပြည်အတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ဖြစ်ပေါ်လာနိုင်ရေး၊ စသည်များအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။